# နှုတ်ခွန်းဆက်လွှာ

သမ္မာကျမ်းစာအမှုတော်လုပ်ငန်းကို အစဉ်ပံ့ပိုးလျက်ရှိသောအသင်းတော်များ၊ အသင်းတော်သူအသင်းတော်သားများအားလုံးတို့ကို နှုတ်ကပတ်တော်ဖြစ်သောကယ်တင်ရှင်ယေရှုခရစ်တော်၏နာမတော်မြတ်၌ နှုတ်ခွန်းဆက်အပ်ပါသည်။

မြန်မာနိုင်ငံကျမ်းစာအသင်း၏ရည်ရွယ်ချက်သည် သမ္မာကျမ်းစာတော်မြတ်ကိုသွေးချင်းသားချင်း၊ တိုင်းရင်းသားလူမျိုးများအားလုံးတို့ထံကျယ်ပြန့်ထိရောက်စွာဖြန့်ချိနိုင်ရေးနှင့်နှုတ်ကပတ်တော်မှဖော်ပြသောဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းနှင့်ကယ်တင်ခြင်းကို လူတိုင်းသိရှိခံယူလျက်ပြည့်စုံကြွယ်ဝသောအသက်တာကိုရရှိခံစားနိုင်ရန်ဖြစ်ပါသည်။

ကျေးဇူးတော်မြတ်ကြောင့် ၂၀၀၈ခုနှစ်အတွင်း သမ္မာကျမ်းစာအုပ် ၇၃၁၀၀ အုပ်၊ ဓမ္မသစ်ကျမ်း ၃၀၇၂ အုပ်၊ ကျမ်းပိုင်းများ ၃၆၂၇၄ နှင့်ဝေစာများ ၅၁၀၀၀၅ စုစုပေါင်း ၆၂၂၄၄၉ ပြုစုထုတ်ဝေနိုင်ခဲ့ပြီး ၅၇၂၀၆၉ ဖြန့်ချိနိုင်ခဲ့ပါသည်။ ၂၀၀၈ခုနှစ် သမ္မာကျမ်းစာနေ့ အလှူငွေကျပ် ၂၂၈၉၇၁၈၅ ရရှိခဲ့ပြီး ယခင်နှစ်ထက် ကျပ် ၄၇၀၆၂၄၈ ပို၍ရရှိခဲ့ပါသည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းသည် သမ္မာကျမ်းစာအမှုတော်လုပ်ငန်းအတွက်ဆုတောင်းပေးခြင်း၊ ရက်ရောစွာပေးလှူခြင်းအားဖြင့် ဆက်ကပ်ပါဝင်ကြသောအသင်းတော်များ၊ ယုံကြည်သူများနှင့် စေတနာ့ဝန်ထမ်းများကြောင့်ဖြစ်ပါသည်။ ဤကဲ့သို့သမ္မာကျမ်းစာအမှုတော်လုပ်ငန်း၌ ဆက်ကပ်ပါဝင်ခြင်းအတွက်အထူးကျေးဇူးတင်ရှိပါသည်။

၂၀၀၉ခုနှစ်၊သမ္မာကျမ်းစာနေ့၏အဓိကအချက်သည် **'နှစ်သိမ့်ခွန်အားပေးသနား၊ နှုတ်ကပတ်သမ္မာတရား'** ဖြစ်ပါသည်။ ဤအဓိကအချက်သည် နာဂစ်မုန်တိုင်းဒဏ်ကိုအလွန်ကြီးမားစွာခံစားရသော ညီအစ်ကိုမောင်နှမများအား သွားရောက်ကူညီမစရာ၌တွေ့မြင်ခံစားရမှုမှပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ဤအဓိကအချက်ကို ဆင်ခြင်နှလုံးသွင်းခံယူခြင်းအားဖြင့် နှုတ်ကပတ်တော်မှပေးလျက်ရှိသော နှစ်သိမ့်ခြင်းနှင့်ခွန်အားတန်ခိုးတို့ကိုအမှန်တကယ်ခံစားရပြီး၊ ဘဝမုန်တိုင်းအမျိုးမျိုးတို့ကိုကျော်လွှားအောင်မြင်ကာ ဘုရားသခင်၏ဘုန်းတော်၊ ဂုဏ်တော်ကိုထင်ရှားစေသောသူများဖြစ်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၀၉ခုနှစ်၊သမ္မာကျမ်းစာနေ့အထူးအစီအစဉ်များတွင်ဆီလျော်သလိုအသုံးပြုရန်အတွက် မြန်မာနိုင်ငံကျမ်းစာအသင်း၏လုပ်ငန်းများတင်ပြခြင်း၊ သမ္မာကျမ်းစာလေ့လာခြင်းနှင့် ဓမ္မဒေသနာပါဝင်သောစာအုပ်ငယ်ကိုပြုစုပေးပို့အပ်ပါသည်။ ဤစာအုပ်ငယ်သည် သမ္မာကျမ်းစာနေ့ကိုအနှစ်သာရရှိစွာပြုလုပ်နိုင်ရေးအတွက် အထောက်အကူပြုမည်ဟုမျှော်လင့်ယုံကြည် ပါသည်။

အသင်းတော်တိုင်း၊ ယုံကြည်သူတိုင်းနှုတ်ကပတ်တော်မြတ်နှင့်ပြည့်ဝကြလျက် နှုတ်ကပတ်တော်၏အလင်းကို အစဉ်သဖြင့်ဖော်ဆောင်နိုင်ကြပါစေသော်။

**သမ္မာကျမ်းစာအမှုတော်မြတ်လုပ်ငန်း၌**

**သိက္ခာတော်ရဒေါက်တာစောရွှေ**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံကျမ်းစာအသင်း**

**သိက္ခာတော်ရဒေါက်တာစောမာဂေကြီး**
**အထွေထွေအတွင်းရေးမှူး**
**မြန်မာနိုင်ငံကျမ်းစာအသင်း**